**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (ဖေဖော်ဝါရီလ ၄ ရက်၊ ၂၀၂၀)**

**နေရာ။ ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ၊ ၃၀မိနစ် အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၄၃)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၄၆ ) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဦးညီညီအောင် (LRC) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

**Discussion Point**

**<u>ပညာသာလှ</u>**

ပြီးခဲ့သည့်အပတ်က တင်ပြခဲ့သည့် မိရိုးဖလာသားဖွားမှု အထောက်အကူပြုသင်တန်း (Traditional Birth Attendance) သင်တန်းပေးမည့်ကိစ္စမှာ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် နေပြည်တော်သို့ သွားရောက်စာတင်ခဲ့ကြောင်း၊ ကျေးရွာအုပ်စု ၇ ခုမှ ၂၄ ရွာပေါင်း ၂၄ ရွာ အတွက် စီစဉ်နေကြောင်း၊ တရွာ ၁ဦးနှင့် အယောက် ၅၀ ခန့်ကို သင်တန်းပေးမှာဖြစ်ကြောင်း၊ UK မှ သူနာပြု ၂ယောက်က သင်တန်းပေးမှာဖြစ်ကြောင်း၊ ခွင့်ပြုချက်ရပြီးပါက training Design ကို ပြင်ဆင်မှာဖြစ်ကြောင်း၊ မတ်လ ၂၀ နောက်ပိုင်းတွင် ဖွင့်လှစ်ရန် ကြိုးစားနေကြောင်း စသည်ဖြင့် ကိုဖြိုးလှိုင်ဘွားက အသိပေးတင်ပြခဲ့သည်။

**<u>ဘဝအလင်းလူမှုကွန်ရက်</u>**

- ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရွာတွင် ကွန်ပျူတာသင်တန်းကို ဖွင့်ခဲ့သည်မှာ ၂ကြိမ်ရှိပြီဖြစ်ကြောင်း၊ သင်တန်းအတွက် လိုအပ်သည်များအားလုံးကို ပံ့ပိုးပေးသော H4SS အဖွဲ့နှင့် သင်တန်းဆရာများကိုလည်း ကျေးဇူးတင်ကြောင်း၊ ၃ကြိမ်မြောက်ဖွင့်မည့် သင်တန်းတွင် အခြားရွာများမှ သင်တန်းတက်ချင်သူများလည်း တက်နိုင်အောင် စီစဉ်နေကြောင်း၊ အုပ်ချုပ်ရေးပိုင်းကလည်း စိတ်ဝင်စားကြောင်း၊
- ရွှေပြည်သာတွင် FXB အဖွဲ့က ဇာထိုးပန်းထိုးနှင့် စက်ချုပ်သင်တန်းကို ဖွင့်ထားကြောင်း၊ ယခုနောက်ပိုင်းတွင် သင်တန်းအား မည်သူမဆိုလာတက်နိုင်စေရန် လုပ်ဆောင်နေကြောင်း၊
- မင်္ဂလာသီရိကျောင်းတိုက်တွင် ကလေးများအတွက် NFE အတန်း သင်ကြားပေးနေကြောင်း၊ New Myanmar Foundation က တပတ်လျှင် ၂ ကြိမ် အာဟာရဒါန လာရောက်ကျွေးမွေးကြောင်း၊ ထို့အတွက်လည်း ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် ဒေါ်အေးမာသက်က အသိပေးတင်ပြခဲ့သည်။

**<u>CDEC</u>**

- CDEC က ၎င်းတို့အဖွဲ့၏ Concept Note တင်ထားမှုများကို အသိပေး မျှဝေခဲ့သည်။ သံလွင်မြစ်အရှေ့ခြမ်းရှိ ရွာ ၃၀အတွက် ၃ဖွဲ့ပေါင်းပြီး လုပ်မည့် စီမံချက်၊ CDECက Community mobilization နှင့် Sustainability အတွက် တာဝန်ယူမှာဖြစ်ကြောင်း၊ ရသေ့တောင်နှင့် စစ်တွေရှိ ရွာ ၃၀တွင် ပြုလုပ်မည့် ပေါင်းစည်းတွင်တင်ထားသည့် Gender Project ၊ Conflict Resolution Project, ပုဂံတွင် ပြုလုပ်မည့် SME များနှင့် သက်ဆိုင်သော စီမံချက် စသည်တို့အတွက် Concept note တင်ထားမှုများကို ဒေါက်တာဝင်းမောင်က အသိပေးမျှဝေခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေးနှင့်ဆက်စပ်သည့် CDEC က လုပ်ပေးနိုင်သည်များကိုလည်း DRD သို့ အီးမေးလ်ပို့ထားကြောင်းကိုလည်း တင်ပြခဲ့သည်။

**<u>Green Rammar</u>**

- အဖွဲ့စတင်ဖွဲ့စည်းသည်မှာ မကြာသေးကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ကြည့်ခြင်းတို့ကို အဓိက လုပ်ဆောင်နေကြောင်း၊ ကလေးများနှင့် ပူးပေါင်းပြီး အမှိုက်ကောက်ခြင်းတို့ကို လုပ်ဆောင်နေကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများနှင့် လက်တွဲကာ သင်တန်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်လိုကြောင်း စသည်ဖြင့် ဦးသန်းဝင်းက အသိပေးတင်ပြခဲ့သည်။

**PVSWA**

- အဖွဲ့အနေဖြင့် ကျောင်းပြင်ပပညာရေး၊ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်းတို့ကို ပေးနေကြောင်း၊ ကျောင်းပြန်ဖွင့်မည့်အချိန်နှင့် ပိတ်မည့်အချိန်တို့ကို ညှိနှိုင်းပြီး စီစဉ်နေကြောင်း ဦးဝင်းသိန်းက ပြောကြားခဲ့သည်။
- သုံးပန်လှအဖွဲ့အကြောင်း မိတ်ဆက်ပြောကြားခဲ့သည်။ အဖွဲ့သည် အထည်ချုပ်လုပ်ငန်းများမှ အမျိုးသမီးများ စုပေါင်း ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ Sunday Café များကို လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်များတွင် တနင်္ဂနွေနေ့တိုင်း ဖွင့်လျက်ရှိပါသည်။ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်နေကြသော အမျိုးသမီးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဥပဒေအကြံပြုဆွေးနွေးခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုများ စသည်တို့ ရနိုင်ပါသည်။ Sunday Café လာရောက်သူများကို လမ်းစရိတ်ထောက်ပံ့ပေးခြင်း၊ နေလည်စာဖြင့် ဧည့်ခံခြင်း၊ ဖုန်းဘေ ၁၀၀၀ကျပ်ပေးခြင်းတို့ လုပ်ဆောင်ပေးကြောင်း၊ အဖွဲ့အစည်းများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ကြောင်း ပြောကြားခဲ့သည်။
- ထို့နောက် အဖွဲ့က ချုပ်ထားသော ခြင်ထောင်များအကြောင်းကြေညာခဲ့သည်။ တယောက်အိပ်၊ နှစ်ယောက်အိပ်၊ မိသားစု အိပ် အကြီးအသေးမျိုးစုံရှိကြောင်း၊ ဈေးနှုန်းမှာ ပြင်ပထက်သက်သာကြောင်း၊ အန်ဂျီအိုအဖွဲ့အစည်းများမှ ဝယ်ယူမည့်သူများကို ထပ်မံဈေးလျှော့ပေးမည်ဖြစ်ကြောင်း၊ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း ကြေညာခဲ့သည်။

**United Women**

- ယခင်က မိမိအနေဖြင့် တဦးတည်းလည်း လူမှုရေးလုပ်ငန်းများကို လှုပ်ရှားလုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်တွင် အမှုဆောင်အဖွဲ့များ၊ ဝန်ထမ်းများဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ Gender Equality နှင့် Women Empowerment အတွက် အဓိကထားလုပ်ဆောင်နေကြောင်း၊ လူငယ်များအတွက် Life Skills Training များ ပေးခြင်း၊ လူထုအသိပညာပေးခြင်း၊ Advocacy and Research, Counceling စသည်တို့ကို လုပ်ဆောင်နေကြောင်း၊ ကမ်ပိန်းများကို လူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် ကားဂိတ်၊ ဈေး၊ လမ်းစုံ စသော နေရာများတွင် လုပ်ဆောင်လေ့ရှိကြောင်း၊ ဥပဒေအရအကူအညီလိုသူများကိုလည်း အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးကြောင်း စသည်ဖြင့် မသဇင်အေးက အသိပေးတင်ပြခဲ့သည်။ အဖွဲ့အကြောင်း စာအုပ်များကိုလည်း ဖြန့်ဝေခဲ့သည်။

**The Leprosy Mission Myanmar**

- ၂၀၀၈ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့ကြောင်း၊ အဓိအားဖြင့် Leprosy နှင့် Disable တို့အတွက် လုပ်ဆောင်နေကြောင်း၊ မော်လမြိုင် တောင်ဝိုင်းနှင့် ရေနံ့သာတို့တွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း၊ Community ထဲသို့လည်း သွားရောက်ပြီး လုပ်ဆောင်နေသည့် စီမံချက်များရှိကြောင်း၊ နှစ်စဉ် ဆေးရုံများတွင် နိုင်ငံခြားမှ ပလတ်စတစ် ဆာဂျရီကန့် ပြုလုပ်ပေးနေသည်များ ရှိကြောင်း၊ ယခုနှစ်တွင် မြစ်ကြီးနား၌ ကန့်တခုပြုလုပ်ပေးနေကြောင်း၊ တောင်ငူတွင် ခြေတုပြုလုပ်သည့် အလုပ်ရုံရှိကြောင်း၊ Leprosy Campaign များတွင်လည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ Mobile လည်း သွားရောက်လေ့ရှိကြောင်း၊ ရခိုင်ကို သွားပြီး ခြေတုလိုအပ်သူများကို သွားရောက်တပ်ဆင်ကူညီပေးမှာဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် MoU ထိုးပြီး Early Childhood Intervention Project ကို UNICEF နှင့် ပူးပေါင်း လုပ်ဆောင်နေကြောင်း၊ စီမံချက်အတွက် ဝန်ထမ်း ၂ဦးလည်း ခေါ်ထားကြောင်း စသည်ဖြင့် အဖွဲ့၏လုပ်ဆောင်နေမှုများကို ပြောကြားခဲ့ပါသည်။

**NNNC**

- National NGO Networking Consortium (NNNC) ကို MHF က ခေါ်သည့် Proposal လျှောက်ဖို့ မီစေရန် ဖွဲ့စည်းခဲ့ကြောင်း၊ အဖွဲ့ မှတ်ပုံတင်ရန်လည်း လုပ်ဆောင်ခဲ့ကြောင်း၊ ယခုအခါ Myanmar NGO Network ကိုလည်း သေချာပြန်လည်ဖွဲ့စည်းနေပြီဖြစ်သည့်အတွက် NNNC မှတ်ပုံတင်ခြင်းကို ဆက်လက်မလုပ်ဆောင်ရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ MNN တွင်သာ စည်းစည်းလုံးလုံးဖြင့် ပိုမိုပါဝင် အားထည့်သွားရန်အတွက် ဖြစ်ကြောင်း ဦးမြင့်ငွေက အသိပေးပြောကြားခဲ့ပါသည်။

**Thirst-Aid**

- အိန္ဒိယရှိ Authentica အဖွဲ့က နိုင်ငံတကာတက္ကသိုလ်များမှ ကျောင်းသားများကို အဖွဲ့အစည်းများသို့ ပေးပို့ပေးကြောင်း၊ Humanitarian Engineering Volunteer များဟုခေါ်ကြောင်း၊ သူတို့စရိတ်နှင့် သူတို့ လာရောက်ကူညီပေးခြင်းဖြစ်ကြောင်း၊ Thirst-Aid တွင်လည်း ပြီးခဲ့သည့်နှစ်က လာရောက်ခဲ့ကြကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် Volunteer အဖြစ်လက်ခံပြီး ပူးပေါင်း လုပ်ဆောင်လိုပါက

ဆက်သွယ်နိုင်ပါကြောင်း ဒေါ်သင်းနွယ်စိုးက အသိပေး ပြောကြားခဲ့သည်။

**ငြိမ်းစေတနာ**

- ကချင်ပြည်နယ် စစ်ဘေးရှောင်ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အခြားအခက်အခဲများကို ကူညီဆောင်ရွက်ပေးနေသော ပရဟိတအဖွဲ့ဖြစ်ကြောင်း၊ ယခုအခါ လယ်သမားအရေး၊ အမျိုးသမီးအရေးကိစ္စများကို ဦးစားပေးလုပ်ဆောင်နေကြောင်း၊ မတ်လနောက်ပိုင်းတွင် သာကေတ (သို့မဟုတ်) သင်္ဃန်းကျွန်းတွင် ရုံးခန်းဖွင့်ရန် စီစဉ်နေကြောင်း တို့ကို ကိုငြိမ်းချမ်းအေးက ပြောကြားခဲ့သည်။

**Rays of Light**

- အဖွဲ့အနေဖြင့် SC နှင့် ပူးပေါင်းပြီး လုပ်ဆောင်မည့် စီမံချက်အတွက် ဝန်ထမ်းများခေါ်နေကြောင်း Child Protection အတွက် ၂ယောက်၊ Food & Nutrition အတွက် ၂ယောက်၊ Project Coordinator ၁ယောက်၊ Finance အတွက် ၁ယောက်တို့ကို ခန့်သွားမှာဖြစ်ကြောင်း၊ ရွှေပြည်သာမြို့နယ်တွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ဒေါ်နိုင်နိုင်အေးက ကြေညာခဲ့သည်။

**EQMM**

- လူ့အခွင့်အရေးမြှင့်တင်သည့်လုပ်ငန်းကို အဓိကထားလုပ်ဆောင်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ လူ့အခွင့်အရေး စိတ်ဝင်စားသူ၊ ကာကွယ်စောင့်ရှောက်သူ၊ လူငယ်များ၊ အမျိုးသမီးများကို အဓိကဦးတည်ပြီး အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းများကို လုပ်ဆောင်နေကြောင်း၊ လွှတ်တော်အမတ်များကို သင်တန်းပေးခြင်း၊ Policy များကို ပြည်သူလူထုမှစ၍ သက်ဆိုင်ရာ Policy Maker များအထိ Advocacy လုပ်ဆောင်ခြင်းတို့ကို လုပ်နေကြောင်း ဒေါ်အေးအေးက မိတ်ဆက်ပြောကြားခဲ့သည်။

**Braveheart Foundation**

- Braveheart ဖောင်ဒေးရှင်းရုံးကို ဖွင့်ထားကြောင်းကို ဦးမောင်မောင်သိန်းဖေက ပြောကြားခဲ့သည်။ ရခိုင်တွင် ရက္ခိတ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွင်လည်း တာဝန်ယူထားကြောင်း၊ တနိုင်ငံလုံးရှိ ရခိုင်အရပ်ဘက်အဖွဲ့အစည်းများ ဖွဲ့စည်းထားသည့် Rakhine CSOs Network တွင်လည်း ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် သာရေးနာရေးကိစ္စများနှင့် အခြားလုပ်နိုင်သည်များကို တတ်အားသရွေ့လုပ်ဆောင်နေကြောင်း၊ မြန်မာအန်ဂျီအိုကွန်ရက်မှာ အခြားအဖွဲ့အစည်းများနှင့် လက်တွဲလုပ်နိုင်သည်များကိုလည်း လုပ်လိုကြောင်း၊ Braveheart အဖွဲ့အနေဖြင့် တိုင်းရင်းသားများ နိုင်ငံသားလက်မှတ်ရရှိစေရန် အသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ပါက အကူအညီတောင်နိုင်ပါကြောင်း အသိပေးပြောကြားခဲ့သည်။

**NWRC**

- National Water Resource Committee (NWRC) က ဦးဆောင်ပြီး မတ်လ ၂၂ ရက်နေ့တွင် ကမ္ဘာ့ရေနေ့ အခမ်းအနားကို ကျင်းပမည့်အကြောင်းကို ဒေါ်သင်းနွယ်စိုးက အသိပေးကြေညာခဲ့သည်။ NWRC သည် AIRBM Project နှင့်လည်း ချိတ်ဆက်နေကြောင်း၊ မိမိအနေဖြင့် AIRBM Project ၏ Multi State Holder Steering Committee တွင် ပါဝင်နေသည့်အတွက် အားလုံးကို မျှဝေခြင်းဖြစ်ကြောင်း၊ အခမ်းအနားတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို စသည်တို့ကို ဆုပေးသည့်အစီအစဉ်ပါဝင်ကြောင်း၊ အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ပါကြောင်း၊ အသေးစိတ်အချက်အလက်များကို ကိုရန်နိုင်ဌေးမှတဆင့် ထပ်မံပေးပို့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**CBI**

- နှစ်ပတ်တကြိမ်ကျင်းပသည့် အစည်းအဝေးနှင့် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးကို အတူတူဟု ထင်သူများလည်း ရှိကြောင်း၊ နှစ်ပတ်တကြိမ်ကျင်းပသည့်အစည်းအဝေးမှာ မည်သူမဆို အားလုံးပါဝင်တက်ရောက်နိုင်သော အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာအန်ဂျီအိုကွန်ရက် မဖွဲ့စည်းခင်ကတည်းက စုပေါင်းကျင်းပခဲ့ကြသည့်အစည်းအဝေးဖြစ်ကြောင်း၊ ယခင်က LRC က Salmon Tower တွင် နေရာပေးထားကြောင်း၊ LRC ရုံးခန်းပြောင်းသွားသဖြင့် ယခုအခန်းသို့ ပြန်လည်ရွှေ့ပြောင်းကျင်းပခြင်းဖြစ်ကြောင်း၊ အခန်းပြန်လည်ပြောင်းလဲခါစတွင် CDA ကလည်း အခန်းငှားရမ်းခအတွက် လစဉ် တသိန်းထည့်ဝင်ပေးခဲ့ကြောင်း၊ KT Care Foundation ကလည်း ဧည့်ခံစရိတ်အတွက်ထည့်ဝင်ပေးခဲ့ကြောင်း၊ မနှစ်က မန္တလေးမှ မေမေဖောင်ဒေးရှင်းက ၅သိန်းထည့်ဝင်ခဲ့ကြောင်း၊ အခြားအဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ ထည့်ဝင်ခဲ့ကြကြောင်း၊ အစည်းအဝေးကျင်းပသည့်နေရာ၊ စာရွက်စာတမ်းများနှင့် အခြားလိုအပ်သည်များကို CBI က ပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ယခုအခန်းအစည်းအဝေးကျင်းပရန်အတွက်လည်း Funding

များသီးသန့်ထောက်ပံ့ပေးထားခြင်းများ မရှိကြောင်း၊ MNN အစည်းအဝေးအတွက် သီးသန့်မလာရစေရန် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် အစည်းအဝေးကို ပူးတွဲကျင်းပမည်လား၊ သီးသန့်ကျင်းပမည်လားဆိုသည်မှာ စဉ်းစားရမှာဖြစ်ကြောင်းကို ရန်နိုင်ဌေးက အသိပေးပြောကြားခဲ့သည်။

- Data Driven M & E Workshop ကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နေ့လည်ပိုင်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ M&E နှင့် Research သမားများအတွက် ပိုမိုသင့်လျော်ကြောင်း၊ တက်ရောက်လိုသူများ စာရင်းပေးနိုင်ကြောင်းကိုလည်း ကြေညာခဲ့သည်။
- Green Land Myanmar အဖွဲ့က သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ အသိပညာပေးခြင်း လုပ်ငန်းများကို လုပ်ချင်၍ အကူအညီတောင်းထားကြောင်း၊ ရန်ကုန်တိုင်းအတွင်း ကျောက်တန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဘက်တွင် လုပ်ဆောင်လိုကြောင်း၊ ကူညီပေးနိုင်သော အဖွဲ့အစည်းများ ဆက်သွယ်နိုင်ပါကြောင်း ပြောကြားခဲ့သည်။

**MIMU Orientation Workshop**

- MIMU Orientation Workshop ကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြုလုပ်ပေးရန်စီစဉ်ထားကြောင်း ကိုရန်နိုင်ဌေးက အသိပေးကြေညာခဲ့သည်။

**LRC**

- LRC က ထုတ်ဝေထားသည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းလမ်းညွှန်စာအုပ်ကို ထပ်မံလိုအပ်သူများ ရုံးကို ဆက်သွယ်ပြီး ယူနိုင်ပါကြောင်း၊ မှတ်ပုံတင်ပုံအဆင့်ဆင့်၊ ဖောင်ပုံစံများကို အသေးစိတ်ရေးထားပါကြောင်း ဦးညီညီအောင်က အသိပေးကြေညာခဲ့သည်။ လူမှုရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများအတွက် အွန်လိုင်းသင်တန်းတခုကိုလည်း မိတ်ဆက်ကြေညာပေးခဲ့သည်။ Building Better Response အမည်ရှိသင်တန်းဖြစ်ပြီး နိုင်ငံပေါင်း ၇ နိုင်ငံခန့်က အသိအမှတ်ပြုလက်မှတ်ကို ချီးမြှင့်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းအကြောင်းအရာများမှာလည်း အသုံးဝင်ပြီး တက်ရောက်သင့်သည့်သင်တန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံက တက်ရောက်သူနည်းနေသေးကြောင်း၊ အသေးစိတ်အချက်အလက်များကို အောက်ပါ Website တွင် ကြည့်နိုင်ပါကြောင်း အသိပေးမျှဝေခဲ့သည်။
- www.buildingabetterresponse.org
- LRCနှင့် အခြားမိတ်ဖက်အဖွဲ့ ၂ခုက ဆောင်ရွက်နေသည့် SRHR Project မှ SRHR Community Practice Network တခုကို ဖန်တီးရန် လုပ်ဆောင်နေကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ဆက်စပ်သည့် သတင်းအချက်အလက်၊ ပညာပေးအကြောင်းအရာများကို တနေရာတည်းတွင် ရယူနိုင်ရန် ရယ်ရွယ်ကြောင်း၊ မိတ်ဆက်ပွဲ ပြုလုပ်သည့်အခါ အီးမေးလ်ဖြင့် အားလုံးကို ပေးပို့သွားမှာဖြစ်ကြောင်းကိုစည်သူဝင်းက အသိပေးကြေညာခဲ့သည်။

**GLAD**

- ယခင်က MNN, MNGO-CP တို့တွင် ပါဝင်ခဲ့ကြောင်း၊ Rural Development ကို အဓိကထား၍ လုပ်ကိုင်နေကြောင်း၊ ရှမ်းမြောက်၊ ကချင်၊ ရခိုင် စသည့်ဒေသများတွင် ထိခိုက်ခံစားရသော ဒေသခံများအတွက် "လူထုအတွက် တရားမျှတမှု" အစီအစဉ်များကို မိတ်ဖက်အဖွဲ့အစည်း ၁၂ ဖွဲ့ဖြင့် လုပ်ဆောင်နေကြောင်းနှင့် အဖွဲ့၏လုပ်ငန်းများကို ဦးအောင်ဇော်ဝင်းက မိတ်ဆက်ပြောကြားခဲ့သည်။
- အဖွဲ့၏ ၂၀၁၉ခုနှစ်အတွင်း လုပ်ဆောင်ချက်များပါဝင်သည့် အစီရင်ခံစာ စာအုပ်များကိုလည်း ဖြန့်ဝေခဲ့သည်။ ထပ်မံလိုချင်သူများရှိပါက ဆက်သွယ်တောင်းယူနိုင်ပါကြောင်း၊ မြန်မာ၊ အင်္ဂလိပ် ၂ဘာသာဖြင့် ရနိုင်ပါကြောင်းကိုလည်း အသိပေးကြေညာခဲ့သည်။

**Sector Leads of MNN**

- မြန်မာအန်ဂျီကွန်ရက်ရှိ Sector ၁၅ ခု တွင် ဦးဆောင်တာဝန်ခံမည့်သူများကို တက်ရောက်သူများက ရွေးချယ် တာဝန်ပေးခဲ့ပါသည်။ Sector ၁ခုစီတွင် ဦးဆောင်တာဝန်ခံမည့်သူ တယောက်စီနှင့် တွဲဘက်ဦးဆောင်မည့်သူနှစ်ယောက်စီတို့ကို တာဝန်ပေးအပ်ခဲ့ပါသည်။ အချို့သော Sector များတွင် ဦးဆောင်တာဝန်ခံပေးမည့်သူ မပြည့်ခြင်းနှင့် ၃ ဦး ထက် ပိုနေခြင်းတို့ ရှိသဖြင့် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေပါသည်။

**အစည်းအဝေးတွင်** LRC **ထုတ်ဝေထားသော အသင်းအဖွဲ့မှတ်ပုံတင်လမ်းညွှန်စာအုပ်၊** GLAD **က ထုတ်ဝေသော ၂၀၁၉ခုနှစ် အစီရင်ခံစာ၊** KT Care

**ထုတ်ဝေသော** 2020 Yearly Planner **နှင့်** Note Book **စာအုပ်များကို ဖြန့်ဝေခဲ့သည်။**

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။